ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဓနုဖြူမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ရွှေကညင်ပင်ကျေးရွာ၊လင်းလွန်းပင်ကျေးရွာအုပ်စု

၂၀၁၉ခုနှစ် ဓနုဖြူမြို့နယ်

မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA tools များ

၆.၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social and Resource Map)

၆.၂။ ရာသီခွင်ပြ -ပြက္ခဒိန်(Seasonal Calender)

၆.၃။ ဥစ္စာစနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း(Wealth Ranking)

၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း(Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း(Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား(Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၂။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၅။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း

၁၆။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း

၁၇။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



၂၀၁၉ခုနှစ် ဓနုဖြူမြို့နယ်

# မြို့နယ်မြေပုံ



ဓနုဖြူမြို့နယ်
N
W
E
S
ဟင်္သာတမြို့နယ်
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁.လက်မ = ၁.မိုင်
ကျုံပျော်မြို့နယ်
ပန်းတနော်မြို့နယ်
ညောင်တုန်းမြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



၂၀၁၉ခုနှစ်

ဓနုဖြူမြို့နယ်

## လင်းလွန်းပင်ကျေးရွာ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေစုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | လင်းလွန်းပင် | ၁၅၃ | ၂၈၀ | ၃၂၁ | ၆၀၁ |
| ၂။ | ရွှေကညင်ပင် | ၂၁၅ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၃။ | ဇလုပ်ကြီး | ၅၇ | ၁၀၃ | ၁၂၇ | ၂၃၀ |
| ၄။ | ပုဖွန်ချောင်း | ၃၄ | ၈၅ | ၈၀ | ၁၆၅ |
| ၅။ | | | | | |
| ၆။ | | | | | |
| ၇။ | | | | | |
| ၈။ | | | | | |

လူထုဗဟိုပြု စီမံကိန်း

**ဧရာဝတီတိုင်းဒေသကြီး၊ဓနုဖြူမြို့နယ်လင်းလွန်းပင်ကျေးရွာအုပ်စု၊ရွှေကညင်ပင်ကျေးရွာ၏ကျေးရွာသမိုင်းကြောင်းသုံးသပ်ချက်။**

ရွှေကညင်ပင်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ဓနုဖြူ မြို့နယ်၊ လင်းလွန်းပင် ကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနဖူး ပေါ်တွင်တည်ရှိ ပါသည်။ လင်းလွန်းပင်ကျေးရွာအုပ်စုအတွင်းရှိရွာခွဲ(၄)ရွာ အနက်တစ်ခုဖြစ်သည်။ ရွှေကညင်ပင်ကျေးရွာကို မြန်မာဘုရင်မင်းတုန်းမင်းလက်ထက်တွင်တည်ခဲ့သည်ဟုဆိုသည်။ ကျေးရွာတည်ထောင်သည့် ခုနစ်ကိုမမှတ်မိပါ။ရွာတည်စဉ်အခါကရေကာတာမရှိသေးဘဲ လယ်သမားများစုပေါင်းဖို့ထားသော လယ်သမားတာသာရှိခဲ့ပါသည်။ထိုလယ်သမားတာသည်ယခုရေကာတာ၏ အနောက်ဖက် ကိုက်(၂၀၀)ခန့်တွင်တည်ရှိသည်။ အင်္ဂလိပ်များမြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်လိုသော အခါတွင်အိန္ဒိယမှကုလား အလုပ်သမားများကိုခေါ်ယူ၍ ဧရာဝတီမြစ်တစ်လျောက် ရေကာတာများ ဆောက်လုပ်သဖြင့် ရေကာတာ တစ်လျှောက်တွင်ရွာတည်ခဲ့ပါသည်။ ရွာ၏အလယ်ရေကာတာ၏ အနောက်ဖက်တွင်ဘအိုကြီးနတ်ကျွန်း ရှိ သည်။ထိုနတ်ကျွန်းထဲတွင်အလွန်ပင် ကြီးမား သော ရွှေကညင်ပင်ကြီး ရှိသည်။ထိုကညင်ပင်ကြီးကိုအစွဲပြု၍ ရွှေကညင်ပင်ရွာဟုခေါ်တွင်ခြင်း ဖြစ်သည်။ ရွှေကညင်ပင်ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်လုပ်ငန်းဖြစ်ပြီး ကိုင်းလုပ်ငန်းနှင့် ခြံလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။ အိမ်ခြေ(၉၀)လောက်သောသူများမှာ လယ်ကူ၊ ဈေးရောင်း ၊ငါး ဖမ်း လုပ်ငန်း လုပ်ကိုင်ကြပါသည်။ဗုဒ္ဓဘာသာကိုး ကွယ်ကြပြီး ဗမာလူမျိုး အများဆုံးနှင့် ကရင်လူမျိုး အနည်း ငယ် နေထိုင်ကြပါသည်။မြေနုကျွန်းတွင်ပဲ များစိုက်ပျိုးပါသည်။

ပြဿနာအနှစ်ချုပ်

ရွှေကညင်ပင်ကျေးရွာ၏ ကျေးရွာသမိုင်းကြောင်းကို သုံးသပ်ခြင်းအားဖြင့်ကိုယ်ထူကိုယ်ထ စနစ်ဖြင့်ပြုလုပ်သည်မှာများပြားလှပါသည်။ကျေးရွာသည်အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊ ရာသီအလိုက်သာ လုပ်ကိုင်ရသော အလုပ်များသာရှိသဖြင့် နေစဉ်ပုံမှန်ဝင်ငွေမရှိသဖြင့် အခက်အခဲရှိ ပါ သည်။

ပါဝင်ဆွေးနွေးသူများ။ ။ကျား ( ၅ )ဦး၊မ ( ၃ )ဦး

ရွှေကညင်ပင်ကျေးရွာ၏

လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း<br>(Village History) | ၂၅.၇.၂၀၁၉ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ‌ကျေးရွာအုပ်ချုပ်ရေးမှူး | ၅ | ၃ | ၈ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေးအရင်းမြစ်ပြမြေပုံ<br>(Social and Resource Map) | ၂၅.၇.၂၀၁၉ | ကျေးရွာသူ/သားများနှင့်မြေပုံရေးဆွဲတက်သူကော်မတီဝင်အချို့နှင့်ကျေးရွာကြောင်းကိုနှံ့နှံ့စပ်စပ်သိသောလူငယ်လေးများ | ၅ | ၄ | ၉ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန်<br>(Seasonal Calendar) | ၂၅.၇.၂၀၁၉ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၁၆ | ၁၆ | ၃၂ | ကျေးရွာတွင် ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့်ပွဲတော်ရက်များအကြောင်းဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား<br>(Wealth Ranking) | ၂၅.၇.၂၀၁၉ | ကျေးရွာသူ/သားများနှင့်အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၁၅ | ၂၀ | ၃၅ | ကျေးရွာအတွင်းရှိဥစ္စာခနပိုင်ဆိုင်မှုအားအဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ<br>(Venn Diagram) | ၂၅.၇.၂၀၁၉ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ ကျေးရွာသူ၊ကျေးရွာသားများ | ၂၀ | ၁၅ | ၃၅ | ကျေးရွာအတွင်းရှိလက်ရှိဖွဲ့စည်းထားသောအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအားဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br>(Acess to control over) | ၂၅.၇.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၃ | ၁၂ | ၂၅ | အမျိုးသားနှင့်အမျိုးသမီးများပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ<br>(Spider Web) | ၂၅.၇.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၈ | ၁၆ | ၃၄ | ကျေးရွာအတွင်းရှိအမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအားအမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |

၂၀၁၉ခုနှစ် | နေပြည်တော်မြို့နယ်

လူထုဗဟိုပြု စီမံကိန်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၂၀၁၉.၆.၃ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၆၇ | ၅၀ | ၁၁၇ | ကျေးရွာအတွက်လိုအပ်သောအဆာက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးအတွက် လုပ်ဆောင်ချင်သောလုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေးအစီအစဉ်ပြဇယား (VTDP) | ၂၀၁၉.၆.၄ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၁၈ | ၁၀ | ၂၈ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသောလုပ်ငန်းများကိုဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

**၁။ဓနုဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ**




## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရွှေကညင်ပင်ကျေးရွာသည် ဓနုဖြူမြို့နယ်၊ လင်းလွန်းပင် ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်ကို အတိအကျမသိ ရှိပါ။ ရွှေကညင်ပင်ကျေးရွာတွင် အိမ်ခြေ (၂၁၅)လုံးရှိပြီး လူဦးရေမှာအမျိုးသား(၄၀၂)ဦး၊ အမျိုးသမီး(၄၆၆) ဦးရှိပြီး နေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ကရင်လူမျိုး အနည်းငယ်နှင့် ဗမာလူမျိုး အများဆုံးနေထိုင်ကြပါသည်ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းနှင့် ဘုရားစေတီ လည်းရှိပါသည်။

ရွှေကညင်ပင် ကျေးရွာ သည် သောက်သုံးရေ အတွက်တွင်းရေ၊ မြစ်ရေ၊ လက်နှိပ်တုံကင်များ မှရရှိပါ သည်။ သောက်သုံးရေ အတွက်အရေအသွေး ပြည့်မီသော ရေသန့်စက် မရှိ သော်လည်း သောက်သုံးရန် အဆင်ပြေသည်။ ရွှေကညင်ပင်ကျေးရွာသည် ရွာတွင်းလမ်းမရှိပေ။ ဆည်မြောင်းရေကာတာပေါ်တွင်သာ သွားလာနေရပါသည်။ ရေကာတာပေါ်တွင် ခင်းထားသော ကွန်ကရစ်လမ်းများမှာ ကိုယ်ထူကိုယ်ထ ခင်းထားသောလမ်းဖြစ်သော်လည်း လမ်းမှာ အသုံးပြုသောကျေးရွာ အရေအတွက်များသည့်အတွက် ပျက်စီးမှုများပြီး လမ်းမှာ ကျဉ်းမြောင်းသောကြောင့် သွားလာရာတွင် အဆင်မပြေပါ။ ရွှေကညင်ပင်ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)ရှိပြီး ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျန်းမာရေးကိစ္စဖြစ်ပေါ်လာပါက စံကင်းကျေးရွာ တိုက်နယ်ကျန်းမာရေးဌာနနှင့်ဓနုဖြူမြို့ဆေးရုံများသို့လည်းကောင်းသွားရောက် ကုသကြရပါသည်။ ရွှေကညင်ပင်ကျေးရွာ၏ အဓိက စီးပွားရေးအရင်းအမြစ်မှာလယ်လုပ်ငန်း

အဓိကလုပ်ကိုင်သော်လည်း ကိုင်းလုပ်ငန်းနှင့်ခြံလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါ သည်။ စက် မှု/လက်မှုလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိ ပါသည်။ လယ်ယာပိုင်ဆိုင်မှု မရှိသောအိမ်ခြေ (၉၀)လောက်မှာ လယ်ကူဌာားခြင်း၊ ဈေးရောင်းခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးပြီး မြေနုကျွန်းများတွင် ပြောင်းများနှင့်ပဲများစိုက်ပျိုးပါသည်။


**ပြဿနာအနှစ်ချုပ်**

ရွှေကညင်ပင်ကျေးရွာသည်အထက်တန်းကျောင်း(ခွဲ)ရှိသော်လည်း စာသင်ကျောင်းနှင့်ကျောင်းသား ဦးရေ မဆန့်သည့်အတွက် အခက်အခဲဖြစ်ခြင်း၊ ကျေးရွာတွင် ရွာတွင်းလမ်းမရှိသဖြင့် ရေကာတာပေါ်မှသာ သွားလာရခြင်း၊ ပျက်စီးလျှင်ခိုင်ခံ့စွာပြုပြင်လိုသော်လည်း ရေကာတာဖြစ်သည့်အတွက် မပြုပြင်နိုင်ခြင်း၊ မိုးတွင်းအခါ သွားလာရခက်ခဲသည့်အတွက် ကောင်းမွန်သောလမ်းရရှိရန် လိုအပ်ပါသည်။

ပါဝင်ဆွေးနွေးသူ- ကျား(၅)ဦး၊ မ(၄)ဦး

လူထုဗဟိုပြု စီမံကိန်း

## ၂။ခနုဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာရာသီခွင်ပြပြက္ခဒိန်




ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရွှေကညင်ပင်ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်/ကိုင်းစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ရာသီအလိုက်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြပါသည်။ ကဆုန်၊ နယုန်လများတွင် လယ်သမားများမှာ လယ်ထဲတွင် စပါးများကြဲကျပါသည်။ ပြောင်းနှင့် ပဲမျိုးစုံသီးနှံများကို သီတင်းကျွတ်လတွင်စိုက်ပျိုးကြပြီး ပြာသို၊ တပို့တွဲလများတွင် ခူးဆွတ် ရိတ်သိမ်းကြပါသည်။ ထိုလများတွင်အားလပ်ရက်နည်းပါးပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲများကို တစ်နိုင်တစ်ပိုင် တစ်နှစ်ပတ်လုံးမွေးမြူကြပါသည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီး၊ရေလျှံခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ဝါဆို၊ဝါခေါင်လများတွင်ကောက်စိုက်ခြင်း၊ပျိုးနှုတ်ခြင်း လုပ်ကိုင်ကြသည့်အတွက် နေ့စားအလုပ်သမားများ ဝင်ငွေရရှိသောလဖြစ်ပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းပြီး နတ်တော်လများတွင် စပါးခြွေလှေ့ခြင်းကြောင့် ဝင်ငွေရရှိပါသည်။ မြန်မာတို့၏ နှစ်ကူးလဖြစ်သော တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လနှင့်တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်၊ပြာသိုလ၊တပို့တွဲလများတွင်ပဌာန်းပွဲ တရားစခန်းပွဲများရှိသည်။ ဝါဆိုလ၊ ဝါခေါင်လ၊ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် ရာသီဖျားများဖြစ်ပေါ်ပြီး ကျန်းမာရေးချို့တဲ့မှုများရှိသည်။ အစာရေစာဖူလုံမှုတွင် ကျန်လများမှာ ပြည့်စုံမှုရှိပြီးဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် အနည်းငယ်ချို့တဲ့မှုရှိသည်။ ရွှေကညင်ပင်ကျေးရွာ၏အားလပ်ချိန်မှာဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင်အားလပ်ချိန်ရှိပြီး ကျန်လများမှာ လယ်/ကိုင်းနှင့် နေ့စားလုပ်ကိုင်နေကြရပါသည်။ ဝင်ငွေရရှိမှုမှာသီးနှံပေါ်ချိန်တွင် ဝင်ငွေရရှိပြီး ကျန်လများတွင် ဝင်ငွေမရရှိပါ။

အနှစ်ချုပ်။ ။ရွှေကညင်ပင်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် နေ့စဉ်ဝင်ငွေမရသဖြင့် စားဝတ်နေရေးအတွက် အနည်းငယ်အခက်အခဲရှိပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၁၆)ဦး၊မ(၁၆)ဦး

## ၃။ဓနုဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာဥစ္စာဓနကြွယ်ဝမှုဇယား



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

အုပ်စု > လင်းလွန်းပင်　　ကျေးရွာ > ရွှေကညင်ပင်　　ရက်စွဲ > ၂၆.၇.၂၀၁၉

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအဆင့် | လယ် ၁၀ ဧကအထက်၊ အသေးစားလယ်ထွန်စက်၊ ကျွဲနွား၊ TV- ဆိုင်ကယ်၊ ဆိုလာမီးသုံး၊ တိုက်အိမ်၊ သွပ်မိုး၊ ပျဉ်ထောင် | ၁၅ | ၇% |
| အလယ်တန်းအဆင့် | လယ် (၅)ဧက၊ ကိုင်း (၅-၂) ဧကပိုင်ဆိုင်၊ နွား၊ ဆိုင်ကယ်၊ ဆိုလာမီးသုံး၊ သစ်အိမ်၊ ဓနိမိုး၊ ထရံကာ၊ သွပ်မိုး | ၁၀၀ | ၄၉% |
| နွမ်းပါး | လယ်ပိုင်မရှိ၊ ဆိုင်ကယ်-ကယ်ရီ၊ အသေးစားဈေးရောင်း၊ နေ့စားလုပ်၊ ဘောက်လုပ်၊ ဝါးအိမ်၊ သွပ်မိုး၊ ဓနိမိုး၊ ထရံကာ၊ ဓနိကာ | ၁၀၀ | ၄၄% |
| | ပါဝင်ဆွေးနွေးသူ<br>ကျား-၁၅ဦး<br>မ-၂၀ဦး | ၂၁၅ | ၁၀၀% |

## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရွှေကညင်ပင်ကျေးရွာတွင်ဥစ္စာဓနကြွယ်ဝမှုပုံစံပြ ဇယားအရ ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စုနှင့်နွမ်းပါးသောအုပ်စုဟူ၍ (၃)မျိုးရှိပါသည်။ ချမ်းသာသောအုပ်စုသည် လယ်(၁၀) ဧကအ ထက်၊တိုက်အိမ်၊သွပ်မိုးပျဉ်ထောင်သစ်သားအိမ်၊ အသေးစား လယ်ထွန်စက်၊ နွား၊ တီဗွီ၊ ဆိုင်ကယ်၊ ဆို လာ မီး တို့ ပိုင်ဆိုင်ကြပါသည်။ ရာခိုင်နှုန်းအား ဖြင့် (၇) ရာခိုင်နှုန်း ရှိပါသည်။ အလယ်အလတ်အုပ်စုသည် လယ်(၅)ဧက၊ ကိုင်း(၅.၂)ဧက၊ သစ်အိမ်၊ ဓနိမိုး ၊ထရံကာ၊ သွပ်မိုး၊နွား၊ဆိုင်ကယ်၊ဆိုလာမီးတို့ပိုင်ဆိုင်ကြပါသည်။ရာခိုင်နှုန်းအား ဖြင့်(၄၉)ရာခိုင်နှုန်းရှိပါသည်။ နွမ်းပါးသောအုပ်စုသည် ဝါးအိမ်၊ သွပ်မိုး၊ ဓနိမိုး၊ ထရံကာ၊ ဓနိကာ၊ ဆိုင်ကယ်ပိုင်ဆိုင်ပါသည်။ ရာခိုင်နှုန်းအားဖြင့် (၄၄)ရာခိုင်နှုန်းရှိပါသည် ။ နွမ်းပါးသောအုပ်စု သည်ကိုယ်ပိုင်လုပ်ငန်း မရှိကြပါ။ ဆိုင်ကယ်ကယ်ရီလိုက်ခြင်း၊ အသေးစားဈေးရောင်းခြင်း၊ နေ့စား အလုပ်လုပ်ရသည်။ ကျပန်းအလုပ်လုပ်၍ အသက်မွေးဝမ်းကြောင်းအတွက်ရှာဖွေ စားသောက်ကြရပါသည်။


ပြဿနာအနှစ်ချုပ်

ရွှေကညင်ပင်ကျေးရွာသည် နွမ်းပါးသောအုပ်စုမှာ ရာခိုင်နှုန်းအားဖြင့်များပါသည်။

အလယ်အလတ်အုပ်စုတွင်ပါဝင်သော်လည်း ပဲဈေး၊ စပါးဈေး မကောင်းသည့်အတွက်အဆင်မပြေသည့် အချိန်လည်းရှိပါသည်။ နွမ်းပါးသောအုပ်စုများသည် ကိုယ်ပိုင်အလုပ်မရှိခြင်း၊ မိခိုသူကလေးသူငယ်ရှိ ခြင်း၊ နာမကျန်းသူများရှိခြင်း၊ ဝင်ငွေနှင့်ထွက်ငွေမမျှတခြင်းများကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ- ကျား(၁၅)ဦး၊ မ(၂၀)ဦး

## ၄။ ဓနုဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ဝင်ငွေရရှိမှု

ရွှေကညင်ပင်ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများမှာ (၆၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများမှာ(၅၀)ရာခိုင်နှုန်းသာရှိပါသည်။ အမျိုးသမီးများသည်အမျိုးသားများထက်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အိမ်မှုကိစ္စများ ကို ပိုမိုအချိန်ပေးလုပ်ကိုင်ရသဖြင့် အမျိုးသားများထက် ဝင်ငွေရ ရှိမှုနည်းပါးရခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်ချပိုင်ခွင့်

ရွှေကညင်ပင်ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသား (၅၀)ရာခိုင်နှုန်းနှင့်အမျိုးသမီး(၅၀)ရာခိုင်နှုန်းရှိပြီးလုပ်ငန်းများကိုအတူတကွဆုံးဖြတ် ဆောင်ရွက်ကြပါသည်။

အိမ်မှုကိစ္စတွင်ဆောင်ရွက်နိုင်မှု

ရွှေကညင်ပင်ကျေးရွာတွင်အိမ်မှုကိစ္စတွင်ဆောင်ရွက်နိုင်မှုတွင်အမျိုးသားများမှာ(၃၀)ရာခိုင် နှုန်းနှင့်အမျိုးသမီးများမှာ(၈၀)ရာခိုင်နှုန်းထိလုပ်ကိုင်နေရပါသည်။အမျိုးသားများမှာအပြင်စီးပွားရေး လုပ်ငန်းကိုသာလုပ်ကိုင်ပြီးဝင်ငွေရှာဖွေရမည်ဟူသောရှေးဓလေ့ထုံးစံများကြောင့်အပြင်စီးပွားရေး ကိုသာလုပ်ကိုင်ကြရပါသည်။

ကျန်းမာရေးလက်လှမ်းမှီမှု

ရွှေကညင်ပင်ကျေးရွာတွင် ကျန်းမာရေးလက်လှမ်းမှီမှုမှာအမျိုးသား(၅၀)ရာခိုင်နှုန်းနှင့် အမျိုးသမီး (၅၀)ရာခိုင်နှုန်းရှိပါသည်။

ပညာတတ်မြောက်မှု

ရွှေကညင်ပင်ကျေးရွာတွင် ပညာတတ်မြောက်မှုမှာအမျိုးသား(၅၀)ရာခိုင်နှုန်းနှင့် အမျိုးသမီး(၅၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသားနှင် အမျိုးသမီးတို့သည် ပညာသင်ယူတတ်မြောက်ခွင့်ကိုညီတူညီမျှ ရရှိကြပါသည်။

အဖွဲ့အစည်းတွင်ပါဝင်ခွင့်

ရွှေကညင်ပင်ကျေးရွာ ရပ်ရေးရွာရေးတွင် အဖွဲ့အစည်းတွင်ပါဝင်ခွင့်မှာ အမျိုးသားများမှာ (၈၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများမှာ(၆၀)ရာခိုင်နှုန်းရှိပါသည်။ရပ်ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်းပူးပေါင်းပါဝင် ဆောင်ရွက်နေပါသည်။

လုံခြုံမှု

ရွှေကညင်ပင်ကျေးရွာတွင် လုံခြုံမှုအမျိုးသား(၉၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီး(၇၀) ရာခိုင်နန်းရှိပါသည်။ အမျိုးသမီးများမှာ အချိန်မတော် သွားလာပါက မသင့်တော်ဟု ယူဆကြခြင်းပင်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း


ရွှေကညင်ပင်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမှာ အမျိုးသားများ (၅၀)ရာခိုင်နှုန်းနှင့်အမျိုးသမီးများမှာ(၅၀)ရာခိုင်နှုန်းစီရှိကြပါသည်။ကျေးရွာတွင်အလုပ်အကိုင် အခွင်အလမ်းနည်းပါးခြင်ကြောင့် စားဝတ်နေရေးအတွက် အနည်းငယ် အခက်အခဲရှိပါသည်။

ပြဿနာအနှစ်ချုပ်

ရွှေကညင်ပင်ကျေးရွာတွင် အရင်းအမြစ်နည်းပါးပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများ၊ ကလေးကိစ္စများ၊ ကျောင်းသားကိစ္စများရှိနေခြင်းကြောင့် ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းများ လုပ်ကိုင်နိုင်မှုမရှိသည့်အတွက် ဝင်ငွေရှာနိုင်မှုနည်းခြင်းဖြစ်သည်။ ပုံမှန်ဝင်ငွေရအလုပ်အကိုင် မရရှိ သောကြောင့် စီးပွားရေးအဆင်မပြေမှုများ ကြုံတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ- ကျား(၁၈)ဦး၊ မ(၁၆)ဦး

## ၅။ဓနုဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာအရင်းအမြစ်ထိန်းချုပ်မှုပုံစံ




### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


ရွှေကညင်ပင်ကျေးရွာရှိ အရင်းအမြစ်များဖြစ်သော လမ်း၊ လယ်၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းကို အမျိုးသားနှင့် အမျိုးသမီးအတူတကွ အသုံးပြုပြီး အတူတကွ ထိမ်းချုပ်ကြသည်။ ထွန်စက်အသုံးပြုခြင်းနှင့် ငါးဖမ်းခြင်းကို အမျိုးသားများက သုံးစွဲကြပြီး အမျိုးသားများကိုယ်တိုင်ထိန်းချုပ်ကြပါသည်။ဈေးရောင်းခြင်း၊စက်ချုပ်ခြင်းကိုမူအမျိုးသမီးများသာ သုံးစွဲပြီး အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ဆိုင်ကယ်၊ မီးစက်၊ လှေ၊ တုန်ကင် တို့ကို အမျိုးသား၊ အမျိုးသမီး အတူတကွသုံးစွဲကြပြီး အမျိုးများကထိန်းချုပ်ပါသည်။ သမီးများသည် အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်နေရသည့်အတွက် ပြင်ပကိစ္စများတွင် ပါဝင်ဆုံးဖြတ်မှု နည်းပါးပါသည်။

### ပြဿနာအနှစ်ချုပ်

ရွှေကညင်ပင်ကျေးရွာတွင်အရင်းအမြစ်သုံးစွဲခြင်းနှင့်ထိန်းချုပ်မှုဇယားကိုသုံးသပ်ခြင်း အားဖြင့် အမျိုးသမီးများအားဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကဲ့သို့ အမျိုးသမီးများ၏ အခန်းကဏ္ဍအားမြှင့်တင်ပေးခြင်းဖြင့် အမျိုးသားများနှင့်တန်းတူဆုံးဖြတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ပိုင်ဆိုင်ခြင်းများရှိလာနိုင်မည်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ- ကျား(၁၃)ဦး၊ မ(၁၂)ဦး

**၆။ခနေဖြူမြို့နယ်၊လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာအဖွဲ့အစည်းချိတ်ဆက်မှုပြဇယား**



## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ရွှေကညင်ပင်ကျေးရွာရှိ အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အသေးစားချေးငွေအဖွဲ့၊ အမျိုးသမီးရေးရာ ၊ အရန်မီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ဝတ်ရွတ်အဖွဲ့၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့၊ ကျေးရွာမြစိမ်းရောင်အဖွဲ့၊ ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ထွေအုပ်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သည်။ ကျေးရွာမြစိမ်းရောင်အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်သည်။ အမျိုးသမီးရေးရာအဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာနှင့် ဆက်သွယ်ဆောင်ရွက်သည်။ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် မြို့နယ်ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ပါသည်။ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လူထုဗဟိုပြုစီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်သည်။

အနှစ်ချုပ်

ရွှေကညင်ပင်ကျေးရွာတွင် အဖွဲ့အစည်းများ ဖွဲ့စည်းထားသော်လည်း ရပ်ရေးရွာရေးကိစ္စရပ်များအတွက် ကျေးရွာသူ/ကျေးရွာသားအားလုံး တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက် ကြပါ သည်။

ပါဝင်ဆွေးနွေးသူ- ကျား(၂၀)ဦး၊ မ(၁၅)ဦး

**၂၀၁၉ခုနှစ်** **ခနေဖြူမြို့နယ်**

လင်းလွန်းပင်အုပ်စု၊ရွှေကညင်ပင်ကျေးရွာ ကျေးရွာအစည်းအဝေးဆောင်ရွက်နေပုံ



ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာလူထုမှ မဲပေးဆောင်ရွက်နေပုံ





# ရွှေကညင်ပင် ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးစိုးဝင်း | ✓ | | ဥက္ကဌ |
| ၂။ | ဒေါ်စိုးစိုးလွင် | | ✓ | ဥက္ကဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးနှင်းအောင် | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်လှိုင်းအိဖြူ | | ✓ | မှတ်တမ်းထိန်း |
| ၃။ | ဒေါ်လှလှရီ | | √ | အဖွဲ့ဝင် |
| ကျေးရွာငွေစရင်းကိုင် | | | | |
| ၁။ | ဦးသိန်းမြင့် | √ | | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်အေးအေးခိုင် | | ✓ | ခေါင်ဆောင် |
| ၂။ | ဦးအောင်သက်ပိုင် | ✓ | | အဖွဲ့ဝင် |
| ၃။ | | | | |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ဆွေဆွေခိုင် | | √ | ခေါင်းဆောင် |
| ၂။ | ဦးမျိုးနိုင် | √ | | အဖွဲ့ဝင် |
| ၃။ | | | | |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးလှစိုး | ✓ | | တာဝန်ခံ |
| ၂။ | ဒေါ်ထားထားနိုင် | | ✓ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးမျိုးဇော်လေး | ✓ | | အကူ |
| ၂။ | ဒေါ်သူဇာလွင် | | ✓ | အကူ |

၃။ ဦးတင်မောင်ထွန်း

ပုံစံ - ၈ - ၅ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | ၀၉ - ၄၇၀၈၃၈၊၆ | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး ရော၀တီ | မြို့နယ် ဝနဖြူ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၀၅ | ဘာသာ (၁) ဗုဒ္ဓ | ၂၀၅ |
| လူမျိုးစု (၂) --------- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) -------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆[illegible] | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၃၆၂ | ၄၈၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၆၁ | ၄၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| [illegible] | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာ သူ | | ရွာတွင်း နေထိုင်သူ | အခြားရွာမှ လာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် - [illegible] [illegible] | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | **မြေသားလမ်း** | **လူသွားလမ်း** | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/**မရှိပါ**/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | ခုနှစ်--------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် --၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --၁၅ မိနစ်-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန် --------၁၅ မိနစ်-------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ✓ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------မြို့မိဘရောင်------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးထွန်းအောင်

လက်မှတ် [signature] ၂၅.၇.၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နီလာစိုး

လက်မှတ် [signature] နေ့စွဲ ၂၅.၇.၂၀၁၈

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်နှင်းလဲ့ကို | | | |
| နေ့စွဲ ၂၅.၇.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရောဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု ကောင်းလွှန်း ဖုံး | ကျေးရွာ ဇရှကာဥာဉ်ပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု% |
| ၁။ ကျေးရွာစီမံကိန်း စိတ်ဆက်အစည်းအဝေး | ၂၅.၇.၂၀၁၈ | ၂၅.၇.၂၀၁၈ | ၆၀ | ၄၆ | ၁၀၆ | ကရင် ၇ | ဗမာ ၁၀၇ | ၂၀၅ | ၅၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၇.၂၀၁၈ | ၂၆.၇.၂၀၁၈ | ၉၁ | ၅၄ | ၁၄၅. | | ဗမာ ၁၄၅ | ၂၀၅ | ၇၀% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မကီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဖြော်ဒိုလာရီ | | | |
| နေ့စွဲ - ၂၆.၇.၂၀၁၈ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု လင်းလွန်းပင် | ကျေးရွာ ရွှေကျည်ပင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သွားရေးလာရေး ခက်ခဲသောကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပညာရေး နောက်ကျနေ ကြုံကြောပါသည်။ | ၁ | သွားရေးလာရေး ခက်ခဲ၊ ကျောင်းသားများ ကျောင်းသွားရာတွင် လမ်းမကောင်းသောကြောင့် ခက်ခဲ |
| ၂ | ကျန်းမာရေး လက်လှမ်းမမှီသောကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ အသက်အန္တရာယ် ဆုံးရှုံးမှုများ ဖြစ်ပေါ် | ၂ | မပေါင်းကိုင်မီး၊ မီးခွက်မှာသုံး ပြုရသည့်အတွက် စာကျက်ရခက်ခဲ၊ ညအခါ သွားလာရေး ခက်ခဲ |
| ၃ | သောက်သုံးရေ မသန့်ရှင်းသောကြောင့် ကျန်းမာရေး ထိခိုက်(ဝမ်းပျက်၊ ဝမ်းလျှော) ရောဂါဖြစ်ပေါ် | ၃ | ကျေးရွာတွင် ကျောင်းသူ / သားများ အတွက် နေရာကျဉ်းတဲ့အတွက် နေရာအခက်အခဲရှိ |
| ၄ | [illegible]အလင်းရောင်မရှိသောကြောင့် ကျောင်းသားများ စာကျက်ရာတွင် ခက်ခဲ၊ ကျေးရွာအတွက် ဖွံ့ဖြိုးတိုးတက်မှုနည်းပါး | ၄ | ကျန်းမာရေး အတွက်ဆေးခန်း ပြရာတွင် မြစ်ကူးရသည့်အတွက် အချိန်မှီ မရောက်နိုင် |
| ၅ | ကျောင်းသားများ စာသင်ကြားရာတွင် နေရာ မလုံလောက်သည့်အတွက် ပညာ သင်ကြားရာတွင် ခက်ခဲပါသည် | ၅ | အလုပ်အကိုင် အခွင့်အလမ်း၊ ကိုယ်ပိုင်လယ်ယာမြေ မရှိသည့်အတွက် စားဝတ်နေရေး ခက်ခဲ |
| ၆ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည့်အတွက် စားဝတ်နေရေး ခက်ခဲခြင်း၊ ပညာရေး၊ ကျန်းမာရေး နိမ့်ကျလာခြင်း | ၆ | သောက်သုံးရန် "ရေ" မလုံလောက်ပါ |
| ၇ | | ၇ | စိုက်ပျိုးရေး သီးနှံ ဈေးကောင်း မရ၊ [illegible] |
| ၈ | | ၈ | အမျိုးသမီးများ အလုပ်လုပ်ရာတွင် လုပ်ခ နည်းပါး၊ ဝင်ငွေ ထွက်ငွေ မမျှတ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သွားလာရေး ကောင်းမွန်လာပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အဆင်ပြေခြင်းများ | ၁ | ကျောင်းသား/သူများ သွားလာရ အဆင်ပြေ၊ စီးပွားရေး အခွင့်အလမ်းများ အဆင်ပြေ |
| ၂ | ကျန်းမာရေး လက်လှမ်းမီပါက ငွေကြေးကုန်ကျမှု သက်သာပြီး အသက်အန္တရာယ် ဆုံးရှုံးမှု လျော့နည်းစေရန် | ၂ | စီးပွားရေး၊ ပညာရေး၊ သွားလာရေးများ အဆင်ပြေ၊ အမျိုးသမီးများ ညဘက် သွားလာရ လုံခြုံစိတ်ချ |
| ၃ | သောက်သုံးရေ သန့်ရှင်းလာပါက ရောဂါကင်းဝေးပြီး လူမှုဘဝ တိုးတက်ကောင်းမွန်လာစေရန် | ၃ | ကျောင်းသားများ သွားလာရ အချိန်ကုန် သက်သာမည်၊ [illegible] အဆင်ပြေစေရန် |
| ၄ | ပညာရေး အဆောက်အအုံ ကောင်းမွန်လာပါက ကျောင်းသား/သူများ [illegible] ထိရောက်မှုရှိ | ၄ | ကျန်းမာရေး အတွက် စိတ်ချရ၊ အချိန်မီ ကုသနိုင်ခြင်း၊ အချိန်ကုန် သက်သာခြင်း |
| ၅ | ကျောင်းသားများ နေရာထိုင်ခင်း ကောင်းမွန်လာပါက အဆင်ပြေစွာ ပညာ သင်ကြားနိုင်စေရန် | ၅ | ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေခြင်း |
| ၆ | အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်ပါက စားဝတ်နေရေး အဆင်ပြေလာစေရန် | ၆ | ကျန်းမာရေး အဆင်ပြေခြင်း၊ မိသားစုများ အဆင်ပြေခြင်း |
| ၇ | | ၇ | စိုက်ပျိုးရေး ပညာပေးသင်တန်းများ ရရှိလျှင် အဆင်ပြေမည် |
| ၈ | | ၈ | အမျိုးသား နှင့် အမျိုးသမီး လုပ်အားခ တန်းတူ ရလျှင် စားဝတ်နေရေး အဆင်ပြေစေခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | ကျား+မ | | ၇၆၈ ဦး |
| ၂ | ရွာချင်းဆက် ကွန်ကရစ်လမ်း | ကျား+မ | ၃၃,၀၀၀,၀၀၀ | ၇၆၈ ဦး |
| ၃ | [illegible] | ကျား | ၃၀,၀၀၀,၀၀၀ | ၇၆၈ ဦး |
| ၄ | ဆေးပေးခန်း | ကျား | ၅၀,၀၀၀,၀၀၀ | ၇၆၈ ဦး |
| ၅ | [illegible] | [illegible] | ၈,၅၀၀,၀၀၀ | ၇၆၈ ဦး |
| ၆ | ဆိုလာမီး | ကျား | ၂၅,၀၀၀,၀၀၀ | ၇၆၈ ဦး |
| ၇ | လျှပ်စစ်မီး | မ | ၃၅,၀၀၀,၀၀၀ | ၇၆၈ ဦး |
| ၈ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | မ | |
| ၂ | စိုက်ပျိုးရေး နည်းပညာသင်တန်း | မ | |
| ၃ | ချေး ငွေ | မ | |
| ၄ | စက်ပြင်သင်တန်း | ကျား | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ ၂၆.၇.၂၀၁၈

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးထွန်းအောင် | 09.793057597၊ | ဦးမင်းဇော်ထွန်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ဓနုဖြူ | လင်းလွန်းဟင် | ရွှေကညင်ဟင် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၂၁၅ | ဘာသာ(၁)---ဗုဒ္ဓ----- | ၂၁၅ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉၉ |
| စစ်ဘေးရှောင် | ၀ |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)---ဗမာ | ၄၀၂ | ၄၆၆ | ၈၆၈ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၁၇၁ | ၄၄ | ၂၁၅ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>အထက်တန်းကျောင်းခွဲ | ✓ | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ယ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | (လူသွားလမ်း) | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---၂၀၁၈---/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၅ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ---

မိုးရာသီတွင်ကြာချိန်---၃၅ မိနစ်---ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ---

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မရှိပါ ကျော်---

(၂) ---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ ၂၆. ၇. ၂၀၁၉

လူထုစည်းရုံးရေးမှူး — အမည် ဦးမြင့်ကျော်ထွန်း လက်မှတ် [signature] နေ့စွဲ ၂၆. ၇. ၂၀၁၉

## ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့်ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဦးမင်းဇော်ထွန်း | | | |
| နေ့စွဲ ၂၆.၇.၂၀၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>လင်းလွန်းပင် | ကျေးရွာ<br>ရွှေကုန်းပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့် နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၇.၂၀၁၉ | ၂၆.၇.၂၀၁၉ | ၆၁ | ၅၁ | ၁၁၂ | ဗမာ ၁၁၂ | ၁၁၂ | 52.09% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 6.4.2019 | 6.8.2019 | ၆၇ | ၅၀ | ၁၁၇ | ဗမာ ၁၁၇ | ၁၁၂ | 54.42% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | | |

လူထုဗဟိုပြု စီမံကိန်း

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမင်းဇော်ထွန်း | | | |
| နေ့စွဲ 6.8.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>လင်းနုမြိုင်ပင် | ကျေးရွာ<br>ရွှေသာဥယျာဉ်ပင် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။** (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ခရီးသွားလာရေး ခက်ခဲသောကြောင့် ကျေးရွာလူထု ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ အခက်အခဲရှိခြင်း | □ ကျား □ မ ☑ ကျား+ မ |
| ကျန်းမာရေး ဆေးပေးခန်းရှိမှု မရှိသောကြောင့် ကျေးရွာလူထု ဆေးကုသရာတွင် အခက်အခဲရှိခြင်း | □ ကျား □ မ ☑ ကျား+ မ |
| ကလေးများ ပညာသင်ကြားရာတွင် လုံခြုံစိတ်ချရမှု မရှိခြင်း၊ ရေရှည်ကြာပ်တည်းခြင်း | □ ကျား □ မ ☑ ကျား+ မ |
| ကျေးရွာလူထု နာရေးကိစ္စဆောင်ရွက်ရာတွင် ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား+ မ |
| အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် စားဝတ်နေရေးအခက်အခဲရှိခြင်း | □ ကျား □ မ ☑ ကျား+ မ |
| ကျောင်းသားများ ပညာသင်ကြားရာတွင် အဆောက်အအုံလုံလောက်မှု မရှိခြင်း | □ ကျား □ မ ☑ ကျား+ မ |
| သင်ထောက်ကူ စာရေးကိရိယာများ မရှိသောကြောင့် စာသင်ရာတွင် အခက်အခဲရှိခြင်း | ကျား + မ |
| ရင်းနှီးမြှုပ်နှံမှု မရှိသောကြောင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်း မလုပ်ကိုင်နိုင်ခြင်း | မ |
| | |
| | |

မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| သွားလာရေး အဆင်ပြေလျှင် ကျေးရွာလူထု ပညာရေး၊ စီးပွားရေး၊ လူမှုရေး အဆင်ပြေမည်။ | □ ကျား □မ ☑ ကျား+ မ |
| ကျန်းမာရေး လက်လှမ်းမီမှု ရှိလျှင် ကျေးရွာလူထု ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည်။ | □ ကျား □မ ☑ ကျား+ မ |
| ကလေးများ ပညာသင်ကြားရာတွင် လိုအပ် စိတ်ချမှုရှိပြီး အဆင်ပြေစွာ ပညာသင်နိုင်မည်။ | □ ကျား □မ ☑ ကျား+ မ |
| ဈေးကိစ္စဆောင်ရွက်ရာတွင် အဆင်ပြေသွားမည်။ | □ ကျား □မ ☑ ကျား+ မ |
| အလုပ်အကိုင်အခွင့်အလမ်းပေါ်များလျှင် စားဝတ်နေရေး အဆင်ပြေလာမည်။ | □ ကျား □မ ☑ ကျား+ မ |
| ဆရာ၊ ဆရာမများ ပြည့်စုံပါက ပညာတတ်များ ပိုမိုထွန်းကားလာမည်။ | □ ကျား □မ ☑ ကျား+ မ |
| စာရေးကိရိယာ၊ ကျောင်းပရိဘောဂ ပြည့်စုံပါက စာသင်ရာတွင်အဆင်ပြေမည်။ | ကျား + မ |
| ရင်းနှီးမြှုပ်နှံငွေရှိပါက တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ပြီး စားဝတ်နေရေး အဆင်ပြေမည်။ | မ |
| | |
| | |
| | |
| | |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာကွင်းလှည့်ကွန်ကရစ်လမ်း | ကျား + မ | လမ်း | ၁၇၀,၀၀၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၂ | ရွာချင်းဆက်လမ်း | ကျား + မ | လမ်း | ၄၀,၀၀၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၃ | ကျောင်းဆောင်ကျိုးပဲ့ပြင်ခြင်း | ကျား + မ | ပညာရေး အဆောက်အဦး | ၃၀,၀၀၀,၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၄ | ဆေးပေးခန်း | ကျား + မ | ကျန်းမာရေး | ၂၅,၀၀၀,၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၅ | ကျောင်း ခြံစည်းရိုး | ကျား + မ | ပညာရေး အဆောက်အဦး | ၃၂,၅၀၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| ၆ | သင်္ချိုင်းဇရပ် | ကျား + မ | အခြား | ၂၀,၀၀၀၀၀ | ၄၀၂ | ၄၆၆ | ၈၆၈ |
| | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းသုံးစာရေးကိရိယာ | ကျား + မ | ပညာရေး |
| ၂ | ပညာရေးဂုဏ်ထူး | ကျား + မ | ပညာရေး |
| ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျား | စိုက်ပျိုးရေး |
| ၄ | စက်ပြင်သင်တန်း | ကျား | လူမှုဘဝ |
| ၅ | ချုပ်ရိုး | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဒေါ်စိုးစိုးလွင် လက်မှတ် လွင် နေ့စွဲ ၆.၉.၁၉

## ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းချုပ်ဇယား

| ကဏ္ဍ | ဦးစားပေးအဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) မ | ကျား | ကျား+မ | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦးကဏ္ဍ(လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | ရွာတွင်း ကွန်ကရစ်လမ်း | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | 2 | ရွာချင်းဆက်လမ်း | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | သင်္ကြီလ်ခုံ | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦးများနှင့်အခြားလိုအပ်ချက်များ) | ၁ | စာသင်းကျောင်းဆောင် | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ကျေးလက်ဆေးပေးခန်း | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၃ | စာသင်ကျောင်းခြံစည်းရိုး | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၄ | ကျောင်းသုံးစာရေးကိရိယာ | | | √ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၅ | ပညာရေးဝန်ထမ်း | | | √ | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| သက်မွေးဝမ်းကျောင်းကဏ္ဍ (စိုက်ပျိုးရေး/မွေးမြူရေးနှင့်ဆိုင်သောအဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | စက်ပြင်သင်တန်း | | √ | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၂ | စိုက်ပျိုးရေးသင်တန်း | | √ | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၃ | ချေးငွေ | √ | | | ၂၀၁၉ | သက်ဆိုင်ရာဌာန | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ်လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသောလုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

၂၀၁၉ခုနှစ်

ခနဖြူမြို့နယ်

လူထုဗဟိုပြု စီမံကိန်း

အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေရာ - ရွာကသည်ဆင်ပင်ဘုန်းကြီးကျောင်း

အစည်းအဝေးကျင်းပသည့်အချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးကျင်းပသည့်နေ့ရက် - ၂၆.၇.၂၀၁၉

အစည်းအဝေးအကြောင်းအရာ - ပထမအကြိမ်ရွာလုံးကျွတ်ကျေးရွာအစည်းအဝေး

အစည်းအဝေးတက်ရောက်သူ - အမျိုးသား (၆၇)ဦး၊ အမျိုးသမီး (၅၁)ဦး

အစည်းအဝေး၊ ဆွေးနွေးပွဲအစီအစဉ်

၁။ အစည်းအဝေးဆောင်ရွက်ရခြင်းအကြောင်း ကြေငြာခြင်း

၂။ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကြောင်း မိတ်ဆက်ပြောကြားခြင်း၊

၃။ စီမံကိန်းစက်ဝန်း

၄။ အဖွဲ့ကော်မတီရွေးချယ်သူများနှင့် တာဝန်ဝတ္တရားများ

၅။ လူထုဆန္ဒ ဆန်းစစ်ခြင်းများကို လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခြင်း

ဆွေးနွေးချက်များ။ ။လပ်ကွန်းပင်ပင်အုပ်စု၊ ရွာကသည်ဆင်ပင်ကျေးရွာ၌ ကျင်းပ ပြုလုပ်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ဦးတိယဘုမိ ဓာတ်ကောင်) ပထမအကြိမ်ကျေးရွာ အစည်းအဝေးပွဲကို ရွာကသည်ဆင်ပင်ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၁။ ရွာကသည်ကျေးရွာ ရပ်မိရပ်ဖများမှ အဖွင့်မှာကြားပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်သည့် အစည်းအဝေးများ၊ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ကျေးရွာလူထုမှ တက်ရောက်ပြီး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

၂။ လူထုဦးဆောင်သူ ဦး ... မှ မိတ်ဆက်စကားပြောကြားပြီး စီမံကိန်းမိတ်ဆက် (၁၅)ချက်နှင့် စီမံကိန်းသဘောတရားများ လမ်းညွှန်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

၃။ စီမံကိန်းစက်ဝန်းအကြောင်း ရှင်းလင်းပြောကြားရာတွင် အဆင့်(၁)မှ အဆင့်(၁၄)ဆင့်တို့ဖြင့် ဆောင်ရွက်ရမည့်အကြောင်းကို တစ်ဆင့်ခြင်းစီ ဆွေးနွေး ရှင်းလင်းပြောကြားခြင်း၊

၄။ ကောင်းကွက်သူများနှင့် ကောင်းသောတွေ့ရှိချက်များကို ရှင်းလင်းပြောဆိုဆွေးနွေးခြင်း

ကျေးရွာလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အရေးပါကြောင်း၊ ကျေးရွာရှိ သယံဇာတများနှင့် ရပ်မိရပ်ဖများသည် စီမံကိန်း၏ အဓိကအချက်များဖြစ်ကြောင်း၊ ကျေးရွာလူထုမှ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များ ရွေးချယ်တင်ပြကြခြင်းသည် ... ဖြစ်ကြောင်းနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းစဉ် ဆောင်ရွက်လျှင် အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်၊

၅။ လူမှုဆန်းစစ်ခြင်းများကို ပြည့်စုံစွာပြုလုပ်ရာတွင် အသုံးပြုသော နည်းလမ်း (PRA-Tools) များကို ကျေးရွာလူထုအား ပြန်လည်ရှင်းပြပေးပြီး ထိုအဖွဲ့သည်များကို အခွင့်အလမ်း တက်ရောက်လာကြသော သူများမှ ပြန်လည်ရေးဆွဲဆောင်ရွက်စေခြင်း၊ ထိုသို့တက်ရှိ အမျိုးသား၊ အမျိုးသမီး၊ အဖွဲ့ခွဲရှိ အသက်အပိုင်းအခြားအလိုက်၊ မျိုးရိုးနှင့်ချက်များကို ရွေးချယ်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သုံးသပ်ချက်များ -

ကျေးရွာစီမံကိန်းလုပ်ငန်းစဉ် ဆောင်ရွက်ရန် ကျေးရွာလူထုမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ကျေးရွာလူထုမှ ဒီမိုကရေစီနည်းကျ အခွင့်အလမ်း ပွင့်ပွင့်ရွေးချယ်တင်မြှောက်ပေးရန်၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးစဉ်ဖြင့် အသင့်တော်ဆုံး ရွေးချယ်ပေးရန် အကြောင်းတို့ အခွင့်အလမ်း တက်ရောက်လာကြသော ကျေးရွာလူထုအားလုံး၏ သဘောတူညီချက်ဖြင့် သုံးသပ်ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

စီမံကိန်း : အဆောက်အအုံပြုပြင်ရေးကော်မတီ

ဒေါ်ခိုင်ဆုလှိုင် – လှိုင်

ကျေးရွာဥက္ကဋ္ဌ
ဦးထွန်းအောင် – ထွန်းအောင်

၈၆ အစည်းအဝေးမှတ်တမ်း (7) 6.8.2019

ဧရာဝတီတိုင်းဒေသကြီး နေပြုမြို့နယ် လင်းလွန်းပင်အုပ်စု ရွှေကညင်ပင်ကျေးရွာ ဒုတိယအကြိမ်အစည်းအဝေးကို 6.8.2019 ရက်နေ့ နေ့လည် ၁၂:၃၀ နာရီ၌ ရွှေကညင်ပင်ဘုန်းကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးချက်များ။ ။ကျေးရွာအစည်းအဝေးပွဲကို အမျိုးသမီး 50% ကျော်မှ တက်ရောက်ခဲ့ပြီး ကျေးရွာစီမံအုပ်ချုပ်မှုအဖွဲ့များ ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ခြင်း၊ လူထုစည်းရုံးရေးမှူးမှ ကျေးရွာလူထု ပူးပေါင်းပါဝင်မှုအား ဆွေးနွေးပြောကြားခြင်း၊ နည်းပညာ စီမံကိန်းဆောင်ရွက်ရန် အကြံပြုကြောင်း ဆွေးနွေးပြောကြားခြင်း၊ အုပ်စုအုပ်ချုပ်ရေးမှူးမှ ရွှေကညင်ပင်ကျေးရွာအနေနှင့် ပူးပေါင်းပါဝင်မှု မရှိပါက ကျေးရွာများသာ ရရှိမည်ဖြစ်ကြောင်း ပူးပေါင်းပါဝင်မှုအားကောင်းစေရန် ကျေးရွာစီမံကိန်းကော်မတီဝင်ဖွဲ့စည်းရာတွင် ပါဝင်ရွေးချယ်ခြင်း၊ဆက်သွယ်ချိတ်ဆက်ရေးကော်မတီဝင်ဖွဲ့စည်းရာတွင် ဝင်ရောက်ဆွေးနွေးပြောကြားခြင်း၊ဆက်သွယ်ချိတ်ဆက်ရေးကော်မတီဝင်ဖွဲ့စည်းရာတွင် ပထမအကြိမ်အစည်းအဝေးတွင် ဖော်ထုတ်ထားသည့် အချက်အလက်များ ရှိခြင်း၊ ထို့နောက် ပထမအကြိမ်အစည်းအဝေးတွင် ဖော်ထုတ်ထားသည့် အချက်အလက်များ ရှိခြင်း၊ ထို့နောက် မဲပေးစနစ်ဖြင့် ရွေးချယ်ခြင်း၊ တားဆီးထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား လက်တွေ့နည်းပညာမှူးမှ အကောင်အထည်ဖော်မှုများအကြောင်းနှင့် စီမံကိန်း လုပ်ငန်းအတွက် အကျုံးဝင်/မဝင် များကို ရှင်းလင်းပြောကြားပေးခြင်းတို့ ဖြစ်သည်။

ဆုံးဖြတ်ချက်များ။ ။ကျေးရွာစီမံအုပ်ချုပ်မှုအဖွဲ့ ရွေးချယ်ရာတွင် ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဒေါ်စိုးစိုးလွင်၊ ကျေးရွာစာရင်းကိုင် ဦးသိန်းမြင့်၊ ဝယ်ယူရေးဆက်သွယ်ရေးကော်မတီ ခေါင်းဆောင် ဦးနှင်းအောင်၊ အဖွဲ့ဝင် (ဒေါ်လှလှမြို့၊ ဒေါ်လှိုင်အိမြ)၊ စောင့်ရှောက်ကြီးကြပ်ရေး ဆက်သွယ်ရေးကော်မတီ ဒေါ်အေး၊ ဦးအောင်သက်ပိုင်၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေး ဆက်သွယ်ရေးကော်မတီ ဦးမျိုးနိုင်၊ ဒေါ်အေးအေးနိုင်၊ ဝေဖန်အကြံပြုကိုယ်စားလှယ် ဦးလှစိုး၊ ဒေါ်ထားထားနိုင်၊ ကျေးရွာစေတနာ့ဝန်ထမ်း ဦးတင်မောင်လွန်း၊ ဒေါ်သူဇာလွင်၊ ဦးမျိုးဇော်လင်း ကျေးရွာလူထုမှ ရွေးချယ်တင်မြှောက်ခဲ့သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်မဲပေးရွေးချယ်ရာတွင် (၁) ကျောင်း ကွန်ကရစ်လမ်း၊ (၂) ရွာလျှင်း ဆက်သွယ်ကွန်ကရစ်လမ်း၊ (၃) ကျောင်းဆောင်ဦးချဲ့ခြင်း၊ အသစ်ဆောက်ခြင်း၊ (၄) ရေအားပေးအိုး၊ (၅) ကျောင်း ခြံစည်းရိုး၊ (၆) ကျောင်းသုံး စာရေးကိရိယာ၊ (၇) ကျောင်းပညာရေးထောက်ပံ့၊ (၈) ကျန်းမာရေးနည်းပညာသင်တန်း၊ (၉) စက်ပြုပြင်သင်တန်း၊ (၁၀) ရေ ...

အေးကျော်
အုပ်ချုပ်ရေးမှူး
လင်းလွန်းပင်ကျေးရွာအုပ်စု
နေပြုမြို့နယ်

ပျော့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထု မှမဲပေး၍ ဦးစားပေး အဆင့်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ အထက်ဖော်ပြပါ ဆုံးဖြတ်ချက် များသည် တက်ရောက်လာကြသော ကျေးရွာရပ်မိရပ်ဖများ၊ ကော်မတီ ဝင်များ နှင့် အစည်းအဝေး တက်ရောက်လာသော ကျေးရွာလူထုအားလုံး ၏ သဘောတူညီချက် ဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အစည်းအဝေးကို ညနေ ၅း၃၀ နာရီတွင် ပိတ်သိမ်း ခဲ့သည်။

စီကောက်ဥက္ကဋ္ဌ - ဦးစိုးဝင်း

- ဒေါ်တိုးတိုးလွင် - လွင်

လူထုဗဟိုပြု စီမံကိန်း

၂၀၁၉ခုနှစ်

ဓနုဖြူမြို့နယ်

လူထုဗဟိုပြု စီမံကိန်း

၂၀၁၉ခုနှစ်

နေဖြူမြို့နယ်

လူထုဗဟိုပြု စီမံကိန်း

၂၀၁၉ခုနှစ် ဓနုဖြူမြို့နယ်